ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ



# အခွန်အယူခံခုံအဖွဲ့၏ မဟာဗျူဟာ ၊ နည်းဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်များ

( ၂၀၂၃ ခုနှစ် )

# ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ




# အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ ၊ နည်းဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်များ

( ၂၀၂၃ ခုနှစ် )

# အခွန်အယူခံ ခုံအဖွဲ့



ဦးမြင့်ဦး
ဥက္ကဋ္ဌ



ဦးကျော်ကျော်
အဖွဲ့ဝင်



ဦးဇေယျကြည်ညွန့်
အဖွဲ့ဝင်



ဒေါ်ရီရီမြင့်
အဖွဲ့ဝင်



ဦးဝင်းနိုင်
အဖွဲ့ဝင်



ဦးဝင်းတင်
အဖွဲ့ဝင်



ဦးကြည်
အဖွဲ့ဝင်

# အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ ၏

# ဥယျောဇဉ်

နိုင်ငံတော်က ကြိုးပမ်းတည်ဆောက်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသည့် အခွန်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း အသီးသီးနှင့် အခွန်ထမ်းများ အတွက် ဥပဒေနှင့်အညီ အထောက်အကူပြုနိုင်ရန် အခွန်အယူခံခုံအဖွဲ့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် မဟာဗျူဟာစီမံကိန်းကို အောင်မြင်စွာ ထပ်မံရေးဆွဲချမှတ်နိုင်ခဲ့ခြင်းအတွက် မိမိအနေဖြင့် များစွာနှစ်ထောင်းအားရကျေနပ်မိပါသည်။

ပထမအကြိမ် ရေးဆွဲခဲ့သော မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များ ရှိသကဲ့သို့ ဆက်လက်ဆောင်ရွက်ရဦးမည့် လုပ်ငန်းစဉ်များနှင့် အကောင်အထည် မဖော်နိုင်ေသးသော လုပ်ငန်းစဉ်များလည်း ရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးအတွက် အကောင်းဆုံးနှင့် အထိရောက်ဆုံး ဝန်ဆောင်မှု ပေးနိုင်ရေးအတွက် ဖြစ်တန်ခြေအရပ်ရပ်အပေါ် အခြေတည် မျှော်မှန်းလျက် ဤမဟာဗျူဟာစီမံကိန်းတွင် အကောင်းဆုံး ကျင့်သုံးနိုင်မည့် အသေးစိတ်လုပ်ငန်း အစီအစဉ်များကို ထည့်သွင်း ရေးဆွဲထားခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်၍ အကောင်အထည်ဖော်လျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ကြိုးပမ်းလျက်ရှိပေသည်။ “ပြည်ထောင်စုအစိုးရက နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးပြုစေမည့် အသုံးစရိတ်များကို သုံးစွဲနိုင်ရန် ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်” ဟူသော အခွန်မူဝါဒနှင့်အညီ ပြည်ထောင်စု၏ အခွန်အကောက်များကို တာဝန်ယူ ကောက်ခံကြသည့် ဌာနများသည် အခွန်အကောက်များ အပြည့်အဝတိုးတက်ကောက်ခံရရှိရေးအတွက်အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း အခွန်ထမ်းများသည် ဥပဒေအရ ထမ်းဆောင်ရမည့် အခွန်များကို ပေးဆောင်ရာတွင် တန်းတူညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးများ ရရှိရန် လိုအပ်ပေသည်။ နိုင်ငံသားများနှင့် အခွန်ထမ်းများ၏ မူလအခွင့်အရေးဖြစ်သည့် ပွင့်လင်းမြင်သာသော အယူခံ

ပိုင်ခွင့်နှင့် ဥပဒေနှင့်အညီ ခုခံချေပခွင့်များ အပြည့်အဝရရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခွန်အယူခံ ခုံအဖွဲ့၏ အခန်းကဏ္ဍသည် အလွန်အရေးပါသော နေရာတွင် တည်ရှိနေပေသည်။ သို့ဖြစ်၍ အခွန်အယူခံခုံအဖွဲ့နှင့် ရုံးအဖွဲ့တို့သည် "ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ"ဟူသော အခွန်အယူခံခုံအဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွား၊ အခွန်ထမ်းများ၏ ဥပဒေနှင့်အညီရပိုင်ခွင့်အခွင့်အရေးများ အပြည့်အဝ ရရှိစေရေး အတွက် ဤမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းစဉ်များကို စွမ်းဆောင်ရည်အပြည့်ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

ဤမဟာဗျူဟာစီမံကိန်းကို အချိန်တိုအတွင်း ပေါ်ပေါက်လာရေးအတွက် တက်ညီ လက်ညီ ကိုယ်စွမ်းဉာဏ်စွမ်းအပြည့် ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ကြသည့် ခုံအဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်း များ အားလုံးကို အထူးအားဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိအပ်ပါသည်။ မဟာဗျူဟာ စီမံကိန်း ကို ရေးဆွဲနိုင်ခြင်းသည် ကျွန်ုပ်တို့အခွန်အယူခံခုံအဖွဲ့နှင့် ရုံးအဖွဲ့အတွက် သမိုင်းမှတ်တိုင်တစ်ခု အဖြစ် ကမ္ပည်းတင်အပ်သကဲ့သို့ မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစဉ် အရပ်ရပ်ကို ကျွန်ုပ်တို့၏ မျှော်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းရာတွင် လမ်းပြမြေပုံအဖြစ် နှလုံးသွင်းလျက် အကောင် အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထပ်လောင်း ကတိပြု ပြောကြားလိုပါသည်။

အခွန်အယူခံ ခုံအဖွဲ့သည် ပွင့်လင်းမြင်သာသော အခွန်ယဉ်ကျေးမှု ထွန်းကားလာစေရေး အတွက် အထောက်အပံ့ ပေးနိုင်ရန်နှင့် အခွန်အယူခံခုံအဖွဲ့၏ ဖြောင့်မတ်မှန်ကန်မှု ဂုဏ်သတင်း တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ရာ အခွန်အယူခံခုံအဖွဲ့နှင့် အခွန်အယူခံခုံအဖွဲ့ရုံးရှိ အဆင့်ဆင့်သော ဝန်ထမ်းတို့သည် လက်တွဲ ညီညီ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် မိမိအနေဖြင့် အလေးအနက် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

# မာတိကာ


- အခွန်အယူခံ ခုံအဖွဲ့၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် တန်ဖိုးများ - ၄
  - မျှော်မှန်းချက်
  - ရည်မှန်းချက်
  - တန်ဖိုးများ
- အခွန်အယူခံခုံအဖွဲ့၏ မဟာဗျူဟာ စီမံကိန်းအကြောင်း - ၅
- အခွန်အယူခံခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ ( ၂၀၂၃ ခုနှစ် )
  - မဟာဗျူဟာ ၁။ အခွန်စီမံခန့်ခွဲမှုစနစ်အပေါ် နိုင်ငံသားနှင့်အခွန်ထမ်းများ၏ ယုံကြည်မှု တိုးတက်လာစေရေး။ - ၈
  - မဟာဗျူဟာ ၂။ အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းသော အမှုများ ကြားနာ ဆုံးဖြတ်ရာတွင် မှန်ကန် မျှတ စေရေး - ၁၁
  - မဟာဗျူဟာ ၃။ အခွန်အယူခံခုံအဖွဲ့နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး။ - ၁၄
  - မဟာဗျူဟာ ၄။ နိုင်ငံတကာ နှင့် ဒေသတွင်း အခွန်အယူခံ ခုံအဖွဲ့များနှင့် ချိတ်ဆက် ပူးပေါင်း၍ အခွန်အယူခံ ခုံအဖွဲ့အား နိုင်ငံတကာ စံနှုန်းများ နှင့်အညီ ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရေး။ - ၁၈
- မှတ်တမ်းဓာတ်ပုံများ - ၂၀

# အခွန်အယူခံ ခုံအဖွဲ့၏ မျှော်မှန်းချက်၊ ရည်မှန်းချက် နှင့် တန်ဖိုးများ

## မျှော်မှန်းချက် (Vision)

ပွင့်လင်းမြင်သာပြီး မျှတမှန်ကန်သည့် အခွန်အယူခံစနစ်ဖြင့် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည် အားထားမှုကို မြှင့်တင်ရန်။

## ရည်မှန်းချက် (Mission)

- ပြည်ထောင်စုအစိုးရက စည်းကြပ်ကောက်ခံသည့် အခွန်အကောက်အမျိုးမျိုးအပေါ် အခွန် အယူခံပိုင်ခွင့် နှင့်အညီ နိုင်ငံသားနှင့် အခွန်ထမ်းများက တင်သွင်းလာသည့် အမှုများကို လွတ်လပ်စွာ ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ မျှတစွာ စီရင်ဆုံးဖြတ်ရန်၊
- နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းက ဥပဒေနှင့်အညီ အခွန်ပေးဆောင်ရာ၌ တရားမျှတမှု၊ ခုခံချေပနိုင်မှုနှင့် အခွန်အယူခံနိုင်မှု အခွင့်အရေးများ အပြည့်အဝ ရရှိစေရေးအတွက် ကာကွယ် စောင့်ရှောက် ပေးရန်၊
- စွမ်းဆောင်ရည်မြင့်မားသည့် အခွန်စီမံခန့်ခွဲမှု ယန္တရားတစ်ရပ် စဉ်ဆက်မပြတ် ဖြစ်တည် နေ စေရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အထောက်အကူပေးရန်။

## တန်ဖိုး (Value)

- ပွင့်လင်းမြင်သာမှု၊
- လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှု၊
- ဖြောင့်မတ်မှန်ကန်မှု နှင့် ယုံကြည် ကိုးစားမှု၊
- တန်းတူညီမျှမှုနှင့်တရားမျှတမှု၊
- နိုင်ငံသားနှင့် အခွန်ထမ်းများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးမှု။

## အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ စီမံကိန်းများ အကြောင်း

နိုင်ငံသားနှင့် အခွန်ထမ်းများက လိုလားတောင့်တသည့် "တရားမျှတမှု၊ ခုခံ ချေပ နိုင်မှုနှင့် အခွန်အယူခံနိုင်မှု" အခွင့်အရေးများကို ဖြည့်ဆည်းရာတွင် "ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ" ဟူသော ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေး အတွက် ချမှတ် ထားသော မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းစဉ်များကို အလွန်အရေးကြီးသော လမ်းပြမြေပုံ အဖြစ် အသုံးပြု အကောင် အထည်ဖော်သွားကြရမည် ဖြစ်ပါသည်။

ဤမဟာဗျူဟာ စီမံကိန်းသည် အရေးပါသောမှတ်တိုင်တစ်ခု ဖြစ်သည်နှင့်အညီ "ပွင့်လင်း မြင်သာပြီး မျှတမှန်ကန်သည့် အခွန်အယူခံစနစ်ဖြင့် နိုင်ငံသားနှင့်အခွန်ထမ်းများ၏ ယုံကြည်အား ထားမှုကို မြှင့်တင်ရန်။" ဆိုသည့် မျှော်မှန်းချက်(Vision)ကို ရည်မှန်းချက်ပန်းတိုင်အဖြစ် လည်းကောင်း၊ မဟာဗျူဟာများကို မိမိတို့၏ ရည်မှန်းရာ ခရီးကို ပေါက်မြောက်ရန် လိုအပ်သော လမ်းကြောင်းအဖြစ်လည်းကောင်း၊ နည်းဗျူဟာများကို ရည်မှန်းရာ လမ်းတစ်လျှောက် ပိုမို ခိုင်မြဲသော ခြေလှမ်းများနှင့် ပိုမိုတိုတောင်းသော အချိန်သတ်မှတ်ချက်များဆီသို့ ရှေးရှုလျက် အကောင်းဆုံး ကျင့်သုံးမှုများ၊ အသေးစိတ်သော အစီအစဉ်များအဖြစ်လည်းကောင်း ပါဝင် ရေးဆွဲထားပါသည်။

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ်များ (Strategy)

အခွန်အယူခံခုံအဖွဲ့၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် တန်ဖိုးများ ရရှိအောင်မြင်စေရန် အတွက် မဟာဗျူဟာ လုပ်ငန်းနယ်ပယ် (၄) ရပ်ကို အောက်ပါအတိုင်းသတ်မှတ်ထားပါသည်-

- ❖ အခွန်စီမံခန့်ခွဲမှုစနစ်အပေါ် နိုင်ငံသားနှင့်အခွန်ထမ်းများ၏ ယုံကြည်မှု တိုးတက် လာစေ ရေး၊
- ❖ အခွန်အယူခံခုံအဖွဲ့သို့တင်သွင်းသော အမှုများအား ကြားနာ ဆုံးဖြတ်ရာတွင် မှန်ကန် မျှတစေရေး၊
- ❖ အခွန်အယူခံခုံအဖွဲ့နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး၊
- ❖ နိုင်ငံတကာနှင့် ဒေသတွင်း အခွန်အယူခံခုံအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း၍ အခွန် အယူခံခုံအဖွဲ့အား နိုင်ငံတကာစံနှုန်းများနှင့်အညီ ခေတ်မီတိုးတက်အောင် ဆောင်ရွက် ရေး။

## မဟာဗျူဟာ အစီအစဉ်

မဟာဗျူဟာ စီမံကိန်းသည် မဟာဗျူဟာ (၄) ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်မည့် နည်းဗျူဟာ ရည်မှန်းချက် (၁၆) ရပ်၊ လုပ်ငန်းအစီအစဉ် (၃၉) ရပ် တို့ကို တိကျစွာ သတ်မှတ် ဖော်ပြထားပါသည်။

| မဟာဗျူဟာ / နည်းဗျူဟာ၊ လုပ်ငန်းစဉ် | မဟာဗျူဟာ (၁) | မဟာဗျူဟာ (၂) | မဟာဗျူဟာ (၃) | မဟာဗျူဟာ (၄) | မဟာဗျူဟာ (၄) ရပ် |
|---|---|---|---|---|---|
| **နည်းဗျူဟာ** | ၃ | ၃ | ၅ | ၅ | နည်းဗျူဟာ (၁၆) ရပ် |
| **လုပ်ငန်းစဉ်** | ၈ | ၁၀ | ၁၆ | ၅ | လုပ်ငန်းစဉ်ပေါင်း (၃၉) ခု |

ပထမအကြိမ် ရေးဆွဲခဲ့သော မဟာဗျူဟာ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရာတွင် အောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းစဉ်များ ရှိသကဲ့သို့ ဆက်လက်ဆောင်ရွက်ရဦးမည့် လုပ်ငန်းစဉ်များနှင့် အကောင်အထည် မဖော်နိုင်သေးသော လုပ်ငန်းစဉ်များလည်းရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်၍ မဟာဗျူဟာ စီမံကိန်းကို ဦးစားပေး အစီအစဉ်များ ခွဲခြားသတ်မှတ်ခြင်း မပြုတော့ဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးအတွက် အကောင်းဆုံးနှင့် အထိရောက်ဆုံး ဝန်ဆောင်မှု ပေးနိုင်ရေးအတွက် ယခင် မပြီးပြတ်သေးသော လုပ်ငန်းစဉ်များကို တိုးချဲ့ဆောင်ရွက်နိုင်ရန် ဖြစ်တန်ခြေ အရပ်ရပ်အပေါ် အခြေတည် မျှော်မှန်းလျက် ဤမဟာဗျူဟာစီမံကိန်းတွင် အကောင်းဆုံး ကျင့်သုံးနိုင်မည့် အသေးစိတ်လုပ်ငန်း အစီအစဉ်များကို ထည့်သွင်း ရေးဆွဲထားခြင်း ဖြစ်ပါသည်။




**အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း အစီအစဉ်များ**

**( ၂၀၂၃ ခုနှစ် )**

# မဟာဗျူဟာ ( ၁ )

# အခွန်စီမံခန့်ခွဲမှုစနစ် အပေါ် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည်မှု တိုးတက်လာစေရေး။



## အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း အစီအစဉ်များ

## ( ၂၀၂၃ ခုနှစ် )

မဟာဗျူဟာ ၁။ အခွန်စီမံခန့်ခွဲမှုစနစ် အပေါ် နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ယုံကြည်မှု တိုးတက်လာစေရေး။

**အခွန်အယူခံခုံအဖွဲ့ဥပဒေ၏ ရည်ရွယ်ချက်တွင် "နိုင်ငံတော်က ဥပဒေနှင့်အညီ အခွန်စည်းကြပ် ကောက်ခံရာတွင် စွမ်းဆောင်ရည် မြင့်မားသော အခွန်စီမံခန့်ခွဲမှု ဖြစ်စေရန်နှင့် အခွန်ထမ်းများ၏ ယုံကြည်ကိုးစားမှုကို ရရှိစေရန်" ဟူ၍ ပြဋ္ဌာန်းထားရာ အခွန်အယူခံ ခုံအဖွဲ့အနေဖြင့် အဆိုပါ ရည်ရွယ်ချက်ကို ထိရောက် အောင်မြင်အောင် အကောင်အထည် ဖော်နိုင်ရေးအတွက် ဤမဟာဗျူဟာကို ရေးဆွဲ ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။**

| နည်းဗျူဟာ အစီအစဉ်များ | | တာဝန် ရှိသော အကောင်အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|
| **၁.၁။** | **ခေတ်စနစ်နှင့် လိုက်လျောညီထွေ ဖြစ်သည့် အခွန် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှုကို အထောက်အကူ ဖြစ်စေခြင်း။** | | | |
| ၁.၁.၁။ | အခွန် အယူခံခြင်းနှင့် ဆက်နွှယ်သည့် နယ်ပယ်အသီးသီးတွင်ပြုပြင်ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ အတွက် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | အခွန်အယူခံခုံအဖွဲ့ | ပွင့်လင်း မြင်သာပြီး တရား မျှတ မှန်ကန်သည့် အခွန် အယူခံခြင်း ဆိုင်ရာ လုပ်ထုံး လုပ်နည်းများ (SOP)ရေးဆွဲမှုဖြင့် တိုင်းတာ ပါမည်။ | ရှင်းလင်း တိကျ မှန်ကန်သော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝန်ဆောင်မှုများ ပေး နိုင်ခြင်း။ |
| ၁.၁.၂။ | အခွန် စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင် ပြောင်းလဲမှု များအားလေ့လာခြင်း၊ ပြင်ဆင် ဆောင်ရွက်ရန်ရှိပါက သက်ဆိုင်ရာ ဌာန များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ခြင်း။ | အခွန်အယူခံခုံအဖွဲ့ | ဆောင်ရွက်နိုင်မှုဖြင့် တိုင်းတာ ပါမည်။ | အခွန် အယူခံခြင်း စနစ်ကို အထောက်အကူ ဖြစ်စေခြင်း။ |
| **၁.၂။** | **ခုံအဖွဲ့၏ ကြားနာဆုံးဖြတ်မှု နှင့် ခုံအဖွဲ့ရုံး၏ ဝန်ဆောင်မှု စွမ်းဆောင်ရည် ရေရှည်မြင့်မား တိုးတက်ရေးအတွက် လေ့လာသုံးသပ် တင်ပြသည့် သုတေသနလုပ်ငန်းတစ်ခုဖြစ်ပေါ် လာစေရန် ဖော်ဆောင်ခြင်း။** | | | |
| ၁.၂.၁။ | အခွန်အယူခံခြင်း နှင့်စပ်လျဉ်း၍ ဌာန အဖွဲ့ အစည်းများနှင့် အသိပညာ နီးနှော ဖလှယ်ခြင်းအစီအစဉ်များ(Knowledge Sharing Program ) ဆောင်ရွက် ခြင်း။ | အခွန်အယူခံခုံအဖွဲ့ | ဆောင်ရွက်နိုင်မှုဖြင့် တိုင်းတာ ပါမည်။ | အခွန်အယူခံဆိုင်ရာအသိဖလှယ် နိုင်ခြင်းနှင့် အခွန်စီမံခန့်ခွဲမှု စနစ်ဆိုင်ရာ အသိပညာများ ကိုအခွန်ထမ်းနှင့် ပြည်သူများ အား ဉာဏ်ပြန့်ပွားနိုင်ခြင်း။ |
| ၁.၂.၂။ | ခုံအဖွဲ့၏ စွမ်းဆောင်ရည်နှင့် မဟာ ဗျူဟာ အကောင်အထည် ဖော်နိုင်မှု အခြေအနေကိုသုတေသန ပြုလုပ်သည့် လုပ်ငန်းစဉ်ဆက်မပြတ်တိုးတက်စေခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | သုတေသန အစီရင်ခံစာများ ထုတ်ပြန်မှုဖြင့်တိုင်းတာ ပါမည်။ | အခွန်အယူခံ ခုံအဖွဲ့နှင့် အခွန် အယူခံခုံအဖွဲ့ရုံး၏ စွမ်းဆောင် ရည်မြင့်မားတိုးတက်လာစေခြင်း။ |

| | နည်းဗျူဟာ အစီအစဉ်များ | တာဝန် ရှိသော အကောင်အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|
| ၁.၃။ | **ခေတ်မီ နည်းစနစ်များ ကျင့်သုံးခြင်းဖြင့် ပွင့်လင်း မြင်သာစေရန် ကြိုးပမ်းဆောင်ရွက် ခြင်း။** | | | |
| ၁.၃.၁။ | အခွန်အယူခံ စနစ်နှင့် စပ်လျဉ်း၍ အခွန်ထမ်းများ လွယ်ကူစွာ လိုက်နာ ဆောင်ရွက်နိုင်စေရန် လက်လှမ်းမီ နိုင်မည့် ခေတ်မီ နည်းစနစ်များဖြင့် အကောင်အထည်ဖော်ခြင်း။ | အခွန်အယူခံခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | ဆောင်ရွက်နိုင်မှုဖြင့် တိုင်းတာ ပါမည်။ | အယူခံ ဝင်ရောက်လိုသူများ လွယ်ကူစွာ လိုက်နာဆောင် ရွက်နိုင်ခြင်း။ |
| ၁.၃.၂။ | အမှုလျှောက်ထားချက် များနှင့် စပ်လျဉ်း၍ သိလိုသည်များ အပေါ် ပြန်ကြားခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | သတင်း ပြန်ကြားရေး တာဝန်ခံ ၏ ပြန်လည် ရှင်းလင်း ဖြေကြား ပေး နိုင်မှုဖြင့် တိုင်းတာပါမည်။ | သတင်း အချက်အလက်များ ကိုအလွယ်တကူသိရှိနိုင်ခြင်း။ |
| ၁.၃.၃။ | အကောင်အထည်ဖော်မှု နှင့် တိုးတက်မှု အစီရင်ခံ တင်ပြမှု အားကောင်း စေရန် နှင့် လိုအပ်သော ကိစ္စရပ်များအတွက် အခွန်ထမ်းများအား အသိပေးသည့် အစီအမံများ ဆောင်ရွက်ခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | နှစ်ပတ်လည် အစီရင်ခံစာများ တင်ပြခြင်း နှင့် အခွန် အယူခံ ခုံအဖွဲ့ Website ဖြင့် သတင်း အချက်အလက်များ ထုတ်ပြန် နိုင်မှုဖြင့် တိုင်းတာပါမည်။ | ပွင့်လင်း မြင်သာမှု ရှိစေခြင်း။ |
| ၁.၃.၄။ | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ အများပြည်သူထံမှ တုံ့ပြန် ရယူခြင်း အစီအစဉ် Public Feedback Programme(PFP) Web Portal ကို အသုံးပြု ၊ ဝန်ဆောင်မှု ရယူခဲ့သည့် ပြည်သူများ၏ တုံ့ပြန်ဖြေကြားမှုများ၊ အကြံပြုချက်များရယူလျက်လိုအပ်ချက် များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။ | အခွန် အယူခံ ခုံအဖွဲ့ရုံး | တုံ့ပြန်ဖြေကြားမှုနှင့်၊ အကြံပြု ချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက် ပေးနိုင်မှုဖြင့် တိုင်း တာ ပါမည်။ | ပြည်သူများ၏ ယုံကြည် အား ထားမှုကို မြင့်မားလာစေ ခြင်း နှင့် အဂတိ လိုက်စားမှု မဖြစ် ပေါ်စေရန် ဟန့်တားနိုင်ခြင်း။ |






# မဟာဗျူဟာ ( ၂ )

# အခွန်အယူခံ ခုံအဖွဲ့သို့ တင်သွင်းသော အမှုများအား ကြားနာ ဆုံးဖြတ်ရာတွင် မှန်ကန် မျှတစေရေး



## အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း အစီအစဉ်များ
## ( ၂၀၂၃ ခုနှစ် )

မဟာဗျူဟာ ၂။ အခွန် အယူခံ ခုံအဖွဲ့သို့ တင်သွင်းသော အမှုများအား ကြားနာ ဆုံးဖြတ်ရာတွင် မှန်ကန် မျှတ စေရေး

**နိုင်ငံသားနှင့် အခွန်ထမ်းများ၏ ဥပဒေနှင့်အညီ ခုခံချေပခွင့် နှင့် အယူခံပိုင်ခွင့်များကို အပြည့်အဝ ရရှိစေရေး အတွက် ပွင့်လင်းမြင်သာသော ဝန်ဆောင်မှု အထောက်အကူပေးရေးနှင့် ဥပဒေနှင့်အညီ မှန်ကန်မျှတ၍ ဘက်လိုက်မှုမရှိသော ကြားနာဆုံးဖြတ်မှု စွမ်းဆောင်ရည်တိုးတက်မြင့်မားရေးအတွက် ဤမဟာဗျူဟာ အစီအစဉ်ကို ရေးဆွဲ ချမှတ်ခြင်း ဖြစ်ပါသည်။**

| | နည်းဗျူဟာ အစီအစဉ်များ | တာဝန် ရှိသော အကောင်အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|
| ၂.၁။ | **အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းလာသော အမှုများကို အခွန်အယူခံခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ ကြားနာ ဆုံးဖြတ်ခြင်း။** | | | |
| ၂.၁.၁။ | တင်သွင်းလာသည့် လျှောက်ထားချက်များ နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များ နှင့် ညီညွတ် ခြင်း ရှိ မရှိ၊ အထောက် အထားများ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ မရှိ စိစစ်ခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | အခွန်အယူခံခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေများ၊ ခုံအဖွဲ့၏ ညွှန်ကြားချက်များ နှင့်အညီ စိစစ် တိုင်းတာပါ မည်။ | အမှု ကြန့်ကြာချိန်ကို လျှော့ချနိုင်ခြင်း။ |
| ၂.၁.၂။ | သက်ဆိုင်ရာ ဌာနများက စီမံ ခန့်ခွဲသော ဥပဒေ၊ ယင်းနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ ညွှန်ကြားချက်၊ အမိန့် များအား လက်တွေ့ ကျင့်သုံးရာတွင် အထောက် အကူ ပြုနိုင်ရန် စုဆောင်း၍ လေ့လာ အသုံး ပြုခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | သက်ဆိုင်ရာ ဥပဒေ၊ နည်း ဥပဒေ၊ ညွှန်ကြားချက်၊ အမိန့် များ စုစည်းထားရှိ ဆောင်ရွက်မှု၊ စာကြည့်တိုက် ထူထောင်နိုင်မှု၊ အသုံးပြုနိုင်မှု တို့ဖြင့် တိုင်းတာ ပါမည်။ | ခုံအဖွဲ့၏ စွမ်းဆောင်ရည်ကို တိုးတက် စေခြင်း။ |
| ၂.၁.၃။ | အမှု တင်သွင်းခြင်းနှင့် ရုံးလုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာ ပုံစံများကို သတ်မှတ် ပြဋ္ဌာန်း ဆောင်ရွက်ရန်။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | ဆောင်ရွက် ပြီးစီးမှုဖြင့် တိုင်း တာပါမည်။ | လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ပြီး မှတ်တမ်း များအဖြစ် စနစ်တကျထိန်းသိမ်း နိုင်ခြင်း။ |
| ၂.၁.၄။ | အခွန်အယူခံ ခုံအဖွဲ့မှ ဆုံးဖြတ်ပြီးစီး သော အမှုများအား လေ့လာသုံးသပ် ခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | Case Management အကောင် အထည်ဖော်မှုဖြင့် တိုင်းတာ ပါမည်။ | အမှုများကြားနာဆုံးဖြတ်ရာတွင် မှန်ကန်မျှတ စေရေး အတွက် အထောက်အကူ ဖြစ် စေခြင်း။ |
| ၂.၁.၅။ | အခွန် အယူခံခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေ များတွင်ပြင်ဆင်ရန်လိုအပ်ပါကပြင်ဆင် ပြဋ္ဌာန်းနိုင်ရေး အတွက် ပြည်ထောင်စု အစိုးရ အဖွဲ့ရုံးဝန်ကြီး ဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏သဘောတူညီချက်ရယူရန် အဆင့်ဆင့်တင်ပြခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | ထုတ်ပြန် ပြီးစီးမှုဖြင့် တိုင်း တာ ပါမည်။ | လက်တွေ့ အကောင်အထည် ဖော်နေမှုနှင့် ညီညွတ်၍ ဥပဒေ နှင့်အညီ အကောင်အထည် ဖော်မှု ဖြစ်စေခြင်း။ |

| နည်းဗျူဟာ အစီအစဉ်များ | တာဝန် ရှိသော အကောင်အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|
| ၂.၂။ **အမှုများ ကြားနာဆုံးဖြတ်နိုင်စွမ်းကို စဉ်ဆက်မပြတ် ဆန်းစစ် အကဲဖြတ်သည့် နည်းလမ်းကို ကျင့်သုံးခြင်း။** | | | |
| ၂.၂.၁။ စစ်ဆေးပြီး အမှုများ နှင့်၊ စစ် ဆေးဆဲ အမှုများအား ပြန်လည် သုံးသပ်ခြင်းဖြင့် နောင်တွင် စစ်ဆေး ကြားနာ ရမည့် အမှုများ အတွက် Norm ဖြတ်ထုံးများကို စနစ်တကျ မျှော်မှန်း ဖော်ထုတ် သတ်မှတ် ဆောင် ရွက်ခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ | ခုံအဖွဲ့အတွင်း အမှုများ အား လေ့လာဆန်းစစ်မှု ပြုလုပ်နိုင်မှုဖြင့် တိုင်းတာ ပါမည်။ | ကြားနာ ဆုံးဖြတ်မှု ချောမွေ့ အောင်မြင်နိုင်ခြင်း။ |
| ၂.၂.၂။ ဘဏ္ဍာနှစ် အလိုက် အမှုပြီးပြတ်မှုနှုန်း၊ ခုံအဖွဲ့၏ ကြားနာဆုံးဖြတ် ဆောင်ရွက်နိုင်မှု အခြေအနေများကို အမှုအမျိုး အစားအလိုက် အခြေပြဇယားဖြင့် ရေး ဆွဲ၍ ယှဉ်တွဲ ဖော်ပြ ခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ရုံး | ဆောင်ရွက်ပြီးစီးမှုဖြင့် တိုင်း တာပါမည်။ | ဆောင်ရွက်နိုင်မှု အခြေအနေကို နှိုင်းယှဉ် သိမြင် နိုင် ခြင်း။ |
| ၂.၂.၃။ ဥပဒေ ဘာသာရပ်ဆိုင်ရာ လေ့လာ သုံးသပ်မှု အလေ့ အကျင့် ကောင်းများ တိုးပွား လာစေရေးအတွက် ခုံအဖွဲ့ အတွင်း ဥပဒေ ရေးရာ အသိပညာပေး (Legal Talk)များကို အခါအား လျော်စွာ စီစဉ်ပြုလုပ် ပေးခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | ဆောင်ရွက် ပြီးစီးမှုဖြင့် တိုင်း တာပါမည်။ | ကြားနာဆုံးဖြတ်နိုင်စွမ်း မြင့်မား လာနိုင်ခြင်း။ |
| ၂.၃။ **အမှုများကို ပြောင်းလဲ တိုးတက်လာသော ခေတ်စနစ်၏ အသိအမြင်သစ်များ နှင့်အညီ ဆင်ခြင်တုံ တရားဖြင့် မျှတစွာ ဆုံးဖြတ်၍ ဥပဒေနှင့်အညီ တည့်မတ် မှန်ကန်စွာ စီရင်ခြင်း။** | | | |
| ၂.၃.၁။ ဥပဒေရေးရာအသိပညာများကျွမ်းကျင်မှု မြင့်မား လာစေရန် ခုံအဖွဲ့ရုံး အရာထမ်း များအားသက်ဆိုင်ရာအလုပ်ရုံ ဆွေးနွေး ပွဲများနှင့် သင်တန်းများသို့ တက်ရောက် စေခြင်း။ | အခွန် အယူခံ ခုံအဖွဲ့ရုံး | တက်ရောက်မှုဖြင့် တိုင်းတာပါ မည်။ | နယ်ပယ်စုံမှ အတွေးအမြင်များ၊ အသိပညာ များကို ရရှိနိုင် ခြင်း။ |
| ၂.၃.၂။ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်သည့် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး၊ အဂတိ လိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်း စဉ်များတွင် ပါဝင် ဆောင်ရွက်ခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | ပါဝင်ဆောင်ရွက်နိုင်မှုဖြင့် တိုင်း တာပါမည်။ | နိုင်ငံတော်၏ မူဝါဒ များအား အကောင်အထည် ဖော်ရာတွင် အထောက်အပံ့ ဖြစ်စေခြင်းနှင့် ကြားနာဆုံးဖြတ်ရာတွင် အထောက် အပံ့ ဖြစ်စေ ခြင်း။ |




**အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း**
**အစီအစဉ်များ**
**( ၂၀၂၃ ခုနှစ် )**

## မဟာဗျူဟာ ( ၃ )

## အခွန်အယူခံခုံအဖွဲ့နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး။



## မဟာဗျူဟာ ၃။ အခွန်အယူခံခုံအဖွဲ့နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး။

**အခွန်အယူခံခုံအဖွဲ့၏ မျှော်မှန်းချက် ၊ ရည်မှန်းချက်နှင့် တန်ဖိုးများ ပြည့်မီ အောင်မြင်အောင် အကောင် အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရမည့် အခွန်အယူခံခုံအဖွဲ့နှင့် အခွန်အယူခံခုံအဖွဲ့ရုံးရှိ အရာထမ်းအမှုထမ်းများ အနေဖြင့် မျှော်ရှင်ချမ်းမြေ့သော လုပ်ငန်းခွင်အတွင်း အရည်အသွေးပြည့်ဝစွာ စွမ်းဆောင်နိုင်ရေးအတွက် ဤမဟာဗျူဟာ လုပ်ငန်းနယ်ပယ်ကို ရေးဆွဲသတ်မှတ်ရခြင်း ဖြစ်ပါသည်။**

| နည်းဗျူဟာ အစီအစဉ်များ | တာဝန်ရှိသော အကောင်အထည် ဖော်ရမည့်ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|
| **၃.၁။ မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံမည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးများ မြှင့်တင်နိုင်ရန်ဆောင်ရွက်ခြင်း။** | | | |
| ၃.၁.၁။ စီမံခန့်ခွဲသူများ(ဦးစီးအရာရှိနှင့် အထက်) အားစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု ဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများ တက် ရောက် စေခြင်း။ | အခွန်အယူခံခုံအဖွဲ့ နှင့် အခွန်အယူခံခုံအဖွဲ့ရုံး | တက်ရောက်ကြိမ် ရေဖြင့် တိုင်းတာပါမည်။ | စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုဆိုင်ရာ စွမ်းဆောင်ချက်များတိုးတက်လာခြင်း။ |
| ၃.၁.၂။ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင် ဖော်ဆောင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု တို့ကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ များနှင့်အညီ အရည်အချင်း စစ်ဆေး အကဲဖြတ်မှတ်တမ်းတွင်အမှတ်ပေးခြင်း အား ခြောက်လပတ်အလိုက် အကဲဖြတ် သုံးသပ်ခြင်း။ | အခွန်အယူခံခုံအဖွဲ့ နှင့် အခွန်အယူခံခုံအဖွဲ့ရုံး | အကဲဖြတ်သုံးသပ်မှုဖြင့် တိုင်းတာပါမည်။ | တစ်ဦးချင်းလိုက်နာဆောင်ရွက်မှုကိုအကဲ ဖြတ်နိုင်ခြင်း၊စွမ်းဆောင်ချက်များကိုအကဲ ဖြတ်နိုင်ခြင်း။ |
| **၃.၂။ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေးနှင့် လုပ်ငန်းခွင်တည်မြဲနေစေရေး ဆောင်ရွက်ခြင်း။** | | | |
| ၃.၂.၁။ ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ ဝန်ကြီးဌာနအသီးသီးမှဖွင့်လှစ်သင် ကြားပေးနေသော သင်တန်းအသီးသီး နှင့်ပြည်ပသင်တန်းများသို့တက်ရောက် သင်ယူစေခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | တက်ရောက်ကြိမ် ရေဖြင့် တိုင်းတာပါမည်။ | ဝန်ထမ်း တစ်ဦးချင်း၏ ကျွမ်းကျင် မှု အရည်အချင်းများ ပိုမိုရရှိလာ ခြင်း။ |
| ၃.၂.၂။ ပြောင်းလဲလာသည့် လုပ်ငန်းပမာဏနှင့် လိုက်လျောညီထွေဖြစ်မည့်ဝန်ထမ်းအင် အား ဖွဲ့စည်းပုံပြင်ဆင်ရန် လိုအပ်သည့် ကိစ္စရပ်များ ဆောင်ရွက်ခြင်း။ | အခွန်အယူခံခုံအဖွဲ့ နှင့် အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်မှုအခြေ အနေဖြင့် တိုင်းတာပါမည်။ | ဝန်ထမ်းများ လုပ်ငန်းတာဝန် မျှတပြီး ထိရောက်သည့် စီမံခန့်ခွဲမှုဖြစ်စေ ခြင်း။ |

| | | | |
|---|---|---|---|
| ၃.၂.၃။ ရာထူး အဆင့်အလိုက် သတ်မှတ်ထားသော လုပ်သက်ပြည့် ဝန်ထမ်းများအား ရာထူးလစ်လပ်မှုအပေါ်မူတည်ပြီး တန်းစီဇယားစဉ်ဆက်မပြတ် ရေးဆွဲအတည်ပြုထားခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်မှုအခြေအနေဖြင့် တိုင်းတာပါမည်။ | ဝန်ထမ်းများ အနေဖြင့် လုပ်ငန်း အပေါ် ကြိုးစားမှုပိုမိုရရှိလာခြင်း။ |
| ၃.၂.၄။ လစ်လပ်ရာထူးများကို ဖွဲ့စည်းပုံ ခွင့်ပြုချက်နှင့်အညီအချိန်မီ ခန့်ထားခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်မှုအခြေအနေဖြင့် တိုင်းတာပါမည်။ | လုပ်ငန်းနှင့်ဝန်ထမ်းအင်အားမျှတမှုရရှိလာခြင်း။ |
| ၃.၂.၅။ ဌာနခွဲများအလိုက် လိုအပ်သော ပညာအရည်အချင်းနှင့်ကိုက်ညီနိုင်သမျှ ဝန်ထမ်း များတာဝန်ချထားခြင်း။ | အခွန်အယူခံခုံအဖွဲ့ နှင့် အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်မှုအခြေအနေဖြင့် တိုင်းတာပါမည်။ | လုပ်ငန်းခွင်တည်မြဲမှုရရှိလာခြင်း။ |
| **၃.၃။ လေ့ကျင့်ရေး လိုအပ်ချက်များ (Training Needs) ကို သတ်မှတ်ဖော်ထုတ်၍ သင်ကြားပို့ချခြင်း၊ အသိပညာဖြန့်ဝေခြင်း။** | | | |
| ၃.၃.၁။ ရာထူးအဆင့် အလိုက်ပိုမိုကျွမ်းကျင်စေရန် အလုပ်ခွင်မပျက်သင်ကြားပို့ချခြင်း။ | အခွန်အယူခံခုံအဖွဲ့ နှင့် အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်မှုအခြေအနေဖြင့် တိုင်းတာပါမည်။ | လုပ်ငန်းကျွမ်းကျင်ပြီးယုံကြည်စိတ်ချလာရခြင်း။ |
| ၃.၃.၂။ ဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်၍ လိုအပ်သော ပညာရပ်များကို လေ့လာဆည်းပူးနိုင်အောင် စီစဉ်ပို့ချခြင်း။ | အခွန်အယူခံခုံအဖွဲ့ နှင့် အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်မှုအခြေအနေဖြင့် တိုင်းတာပါမည်။ | အသိဉာဏ်ပညာဗဟုသုတတိုးပွား၍ စွမ်းဆောင်မှုများတိုးတက်လာခြင်း။ |
| ၃.၃.၃။ ဝန်ထမ်းများ ထက်အောက် အပြန်အလှန်လေးစားမှုရှိအောင် ရာထူးအဆင့်အလိုက်ထမ်းဆောင်ရမည့် တာဝန်များကိုသတ်မှတ် ထားရှိ ဆောင်ရွက်ခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | ပြဋ္ဌာန်းသတ်မှတ်နိုင်မှုဖြင့် တိုင်းတာပါမည်။ | ဝန်ထမ်းများ အပြန်အလှန်လေးစားမှု တိုးတက်လာခြင်း။ |
| **၃.၄။ သတင်းအချက်အလက်နှင့် နည်းပညာကို ရုံးလုပ်ငန်းများတွင် ပေါင်းစပ်အသုံးပြုခြင်း။** | | | |
| ၃.၄.၁။ အမှုတွဲစီမံခန့်ခွဲခြင်းနှင့် စာရွက်စာတမ်း စီမံခန့်ခွဲခြင်းစနစ်ကို IT နည်းပညာဖြင့် ဆောင်ရွက်ခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်မှုအခြေအနေဖြင့် တိုင်းတာပါမည်။ | ကျစ်လစ်စွာသိမ်းဆည်းနိုင်ခြင်းနှင့် ကုန်ကျစရိတ် ခြိုးခြံချွေတာနိုင်ခြင်း။ |
| ၃.၄.၂။ ရုံးလုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး အတွက် E-Government System ကိုလိုက်ပါဆောင်ရွက်ခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်မှုအခြေအနေဖြင့် တိုင်းတာပါမည်။ | ရုံးလုပ်ငန်းများကို မှန်ကန် မြန်ဆန်စွာ ဆောင်ရွက်လာနိုင်ခြင်း။ |
| ၃.၄.၃။ Network ချိတ်ဆက်သုံးစွဲနိုင်ရေး အတွက် လိုအပ်သော ဆက်စပ်ပစ္စည်းများကို စီမံကိန်းလျာထားမှုဖြင့် ဘဏ္ဍာငွေခွဲဝေရရှိမှု အပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်မှုအခြေအနေဖြင့် တိုင်းတာပါမည်။ | လုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်လာနိုင်ခြင်း၊ သတင်းအချက်အလက်များ မြန်ဆန်စွာပေးပို့ လက်ခံရရှိခြင်း။ |

| ၃.၅။ ဝန်ထမ်းများအတွက် စိတ်ရောကိုယ်ပါ လုံခြုံမှုအပြည့်အဝ ပေးနိုင်သော၊ ကောင်းမွန်သောလုပ်ငန်းခွင်နှင့် သာယာပျော်ရွှင်မှုကို ဖန်တီးပေးခြင်း။ | | | |
|---|---|---|---|
| ၃.၅.၁။ ခုံအဖွဲ့ဝင်များ၊ ခုံအဖွဲ့ရုံးဝန်ထမ်းများ နှင့် မိသားစုများ နေထိုင်သွားလာနိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့ အတွက် အထောက်အပံ့ပေးနိုင်ရန်လိုအပ်သည့် ကိစ္စရပ်များအား ဘဏ္ဍာငွေခွဲဝေရရှိမှု အလိုက် စီမံဆောင်ရွက် ခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်ပေးနိုင်မှု အခြေအနေဖြင့် တိုင်းတာပါမည်။ | ဝန်ထမ်းနှင့် မိသားစုများ ကျန်းမာကြံ့ခိုင်၍ လုပ်ငန်းခွင် သာယာပျော်ရွှင်မှုကို ရရှိစေခြင်း။ |
| ၃.၅.၂။ ဝန်ထမ်းများ၏ အခက်အခဲများကို လစဉ် ပုံမှန်ဆွေးနွေးပွဲ (ဒါဘာ)များ ကျင်းပ၍ ဆန္ဒထုတ်ဖော် တင်ပြမှုများ ပြုလုပ်၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေး ခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်ပေးနိုင်မှု အခြေအနေဖြင့် တိုင်းတာပါမည်။ | ဌာနအပေါ် ယုံကြည်အားကိုးမှုပိုမိုရရှိလာ စေခြင်း။ |
| ၃.၅.၃။ ဝန်ထမ်းများ၏ စွမ်းဆောင်ချက်များ၊ အကျင့်စာရိတ္တ ကောင်းမွန်မှုများ၊ ထူးချွန်မှုများ၊ အများအကျိုးအတွက် ဆောင်ရွက်ပေးမှုများကို မှတ်တမ်းတင် အသိအမှတ် ပြု၍ ဆုပေးဒက်ပေးစနစ် ထား ရှိဆောင်ရွက်ခြင်း။ | အခွန်အယူခံခုံအဖွဲ့ရုံး | ဆောင်ရွက်ပေးနိုင်မှု အခြေအနေဖြင့် တိုင်းတာပါမည်။ | လုပ်ငန်းအပေါ် ယုံကြည်ကိုးစားကြိုးစားမှု ပိုမိုရရှိခြင်း။ |




**အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း အစီအစဉ်များ**

**( ၂၀၂၃ ခုနှစ် )**

## မဟာဗျူဟာ ( ၄ )

## နိုင်ငံတကာနှင့် ဒေသတွင်း အခွန်အယူခံခုံအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း၍ အခွန်အယူခံ ခုံအဖွဲ့အား နိုင်ငံတကာ စံနှုန်းများ နှင့်အညီ ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရေး။








## အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း အစီအစဉ်များ
## ( ၂၀၂၃ ခုနှစ် )

### မဟာဗျူဟာ ၄။ နိုင်ငံတကာနှင့် ဒေသတွင်း အခွန်အယူခံခုံအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း၍ အခွန်အယူခံ ခုံအဖွဲ့အား နိုင်ငံတကာ စံနှုန်းများ နှင့်အညီ ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရေး။

**ဒေသတွင်းနှင့် နိုင်ငံတကာ အခွန်အယူခံမှု လုပ်ငန်းစဉ်များကို လေ့လာဆန်းစစ်၍ နိုင်ငံသားနှင့် အခွန်ထမ်းများ ယုံကြည်အားထားရသည့် ပိုမိုခိုင်မာ အားကောင်းသော အခွန် အယူခံစနစ်ကို အလေးပေး တည်ဆောက်နိုင်ရန် ဤမဟာဗျူဟာ လုပ်ငန်းစဉ်ကို ရေးဆွဲချမှတ်ခြင်းဖြစ်ပါသည်။**

| နည်းဗျူဟာ အစီအစဉ်များ | တာဝန် ရှိသော အကောင်အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|
| ၄.၁။ ဒေသတွင်း နိုင်ငံများတွင် ကျင့်သုံးနေသည့် အခွန်အယူခံမှု လုပ်ငန်းစဉ်များကို လေ့လာဆန်းစစ်၍ ခုံအဖွဲ့၏ အခွန်အယူခံမှု လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန် လာစေရန် ဆောင်ရွက်ခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | နိုင်ငံအလိုက်သုတေသနစာတမ်းများလေ့လာပြုစုတင်ပြနိုင်မှုဖြင့် တိုင်းတာပါ မည်။ | အခွန်အယူခံမှု လုပ်ငန်းစဉ်များ ပိုမိုထိရောက်ပြီး တာဝန်ခံမှုနှင့် ပွင့်လင်း မြင်သာမှု ကို အထောက်အကူ ဖြစ်စေခြင်း။ |
| ၄.၂။ ဒေသတွင်း နိုင်ငံများ၏ အခွန် အယူခံဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက် များအား လေ့လာ ဆန်းစစ်ခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | ဥပဒေဆိုင်ရာ လေ့လာချက် စာတမ်းပြုစု တင်ပြနိုင်မှုဖြင့် တိုင်းတာပါမည်။ | အခွန်အယူခံမှု လုပ်ငန်းစဉ်များ ပိုမိုထိရောက်ပြီး တာဝန်ခံမှုနှင့် ပွင့်လင်း မြင်သာမှု ကို အထောက်အကူ ဖြစ်စေခြင်း။ |
| ၄.၃။ လက်ရှိ အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေ များပါ ပြဋ္ဌာန်းချက် ပြင်ဆင်ဆောင်ရွက် ချိန်တွင် နိုင်ငံတကာ အတွေ့အကြုံများဖြင့် ပြင်ဆင်နိုင်ရေး ကြိုးပမ်းခြင်း။ | အခွန်အယူခံ ခုံအဖွဲ့နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | ဆောင်ရွက် နိုင်မှုဖြင့် တိုင်းတာပါမည်။ | နိုင်ငံတကာ အလေ့အထများနှင့် ကိုက်ညီပြီးအခွန်လုပ်ငန်းစဉ်နှင့်လုပ်ထုံးလုပ်နည်းများကိုပိုမိုကောင်းမွန်ထိရောက်စေခြင်း။ |
| ၄.၄။ နိုင်ငံတကာနှင့် ဒေသတွင်း အခွန် အယူခံ ခုံအဖွဲ့များနှင့် အပြန်အလှန် ပူးပေါင်း ပါဝင် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | ပြည်ပ နိုင်ငံများရှိ အခွန် အယူခံ ကိစ္စရပ်များ တာဝန်ခံ ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ် ချိတ်ဆက်ဆောင်ရွက်နိုင်မှုဖြင့် တိုင်းတာပါမည်။ | အဆင့်တူ မိတ်ဖက် အဖွဲ့အစည်းများနှင့် အပြန်အလှန် ဆက်သွယ် ပူးပေါင်း ပါဝင် ဆောင်ရွက်ခြင်းဖြင့်အခွန်အယူခံ လုပ်ငန်းစဉ် ဆိုင်ရာ ဖြစ်ပေါ် တိုးတက်မှုများကို အချိန်နှင့် တစ်ပြေးညီလေ့လာသိရှိနိုင်ခြင်း။ |

| နည်းဗျူဟာ အစီအစဉ်များ | တာဝန် ရှိသော အကောင်အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|
| ၄.၅။ နိုင်ငံတကာနှင့် ဒေသတွင်း အခွန် အယူခံ ခုံအဖွဲ့များ၊ သက်ဆိုင်ရာ အဖွဲ့ အစည်းများကကြီးမှူး ကျင်းပသည့် ပညာရပ်ဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင်ပါဝင် တက်ရောက်ခြင်းနှင့် ပြည်ပတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် ကာလရှည် သင်တန်းများတွင် တက်ရောက် ခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း။ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | ပြည်ပနိုင်ငံများရှိ အခွန် အယူခံ ကိစ္စရပ်များ တာဝန်ခံ ဆောင်ရွက်သည့် အဖွဲ့အစည်း များ၏ လုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက်နိုင်မှု နှင့် ပြည်ပ သို့ ပညာသင်စေလွှတ်နိုင်မှုတို့ဖြင့် တိုင်းတာပါမည်။ | အဆင့်တူ မိတ်ဖက် အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက်ခြင်းဖြင့် အခွန်အယူခံခုံအဖွဲ့၏ အသိပညာ နှင့် လုပ်ငန်းအတွေ့အကြုံများ အပြန်အလှန်ဖလှယ် ဆည်းပူးနိုင်ခြင်း၊ အခွန်အယူခံ ခုံအဖွဲ့ရုံး၏ အသိ ပညာနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေးကို အထောက်အကူပြုခြင်း။ |







and the State lottery.
**Respected Chairman,**
In connection with the collection ... revenues I have just presented, there may be ... may approve or disapprove of the collection of tax... revenues according to law by the organization concerned. There should be a court of appeal where the people, who disapprove of the collection of taxes and revenues, may air their grievances. As the court of appeal is concerned with the entire Union, it should be at the Union level. With the establishment of the court of appeal, the people can abide by the decision of the court. Since the court of appeal on the revenues has to pass judgements according to law, it will be necessary to introduce the relevant law.
Hence, it should be included in the Union Legislative list to enact laws, if necessary, in connection with the tax appeals.
**Respected Chairman,**
There should be a common practice in matters relating to service enterprises of the ...






အခွန်အယူခံ ခုံအဖွဲ့
ရုံးအမှတ် ( ၅၇ )၊ နေပြည်တော်
ဖုန်း + ၉၅ ၆၇ ၃၄၃၀၀၄၄
ဖက်စ် + ၉၅ ၆၇ ၃၄၃၀၀၄၆
www.facebook.com/အခွန်အယူခံခုံအဖွဲ့-104399854732778

## မဟာဗျူဟာအလိုက် စုဖွဲ့ဆွေးနွေးမှု မှတ်တမ်းများ



အခွန်အယူခံ ခုံအဖွဲ့ ဥက္ကဋ္ဌက မဟာဗျူဟာ၊ နည်းဗျူဟာ ရေးဆွဲခြင်း နှင့် စပ်လျဉ်း၍ ရှင်းလင်း မှာကြားစဉ်။

မဟာဗျူဟာ (၁)လုပ်ငန်းအဖွဲ့က ရေးဆွဲပြုစုထားရှိမှုကိုရှင်းလင်းတင်ပြစဉ်။





မဟာဗျူဟာ(၂) လုပ်ငန်းအဖွဲ့က ရေးဆွဲပြုစုထားရှိ မှုကို ရှင်းလင်းတင်ပြစဉ်။

မဟာဗျူဟာ (၃) လုပ်ငန်းအဖွဲ့က ရေးဆွဲပြုစု ထားရှိမှုကို ရှင်းလင်းတင်ပြစဉ်။





မဟာဗျူဟာ(၄) လုပ်ငန်းအဖွဲ့က ရေးဆွဲပြုစုထားရှိ မှုကို ရှင်းလင်းတင်ပြစဉ်။

အဖွဲ့ဝင်များက ဝိုင်းဝန်း ဆွေးနွေး အကြံပြုစဉ်။





အစုအဖွဲ့အလိုက် ဆွေးနွေး
ပြုစုကြစဉ်။



အစုအဖွဲ့အလိုက် ဆွေးနွေး
ပြုစုကြစဉ်။



အစုအဖွဲ့အလိုက် ဆွေးနွေး
ပြုစုကြစဉ်။



အစုအဖွဲ့အလိုက် ဆွေးနွေး ပြုစုကြစဉ်။



အစုအဖွဲ့အလိုက် ဆွေးနွေး ပြုစုကြစဉ်။


ယုံကြည် မှုတ မှန်ကန် အခွင့်အယူခံ